Brought to you by the **state of Oregon**

The state of Oregon is working with **HealthCare.gov** to help Oregonians get health care coverage.

## Have a problem with your insurance?

If you have problems after you sign up for insurance, contact the Oregon Division of Financial Regulation.

**Visit** bit.ly/DFRcomplaint
**Call** 888-877-4894 (toll-free)
**Email** DFR.InsuranceHelp@dcbs.oregon.gov

## Other languages or formats?

Call **855-268-3767** (toll-free) from 8 a.m. to 5 p.m. Monday through Friday to request this information in Español, Русский, Tiếng Việt, 汉语, 漢語, large print, or another format.

440-5156 (09/22)

# **Medicare** and the **Marketplace:** What you need to know



Easing the confusion about when to transition from the Marketplace to Medicare and how to make the move

**Visit OregonHealthCare.gov**

# Free, local **help** for Medicare and the Marketplace

## Questions about Medicare? Oregon SHIBA can help by:

- Providing information about Medicare, including what **health and prescription drug plans** are available to you.
- Assisting with Medicare **appeals and complaints**.
- Educating how to **protect and report** Medicare fraud and abuse.

Visit SHIBA.Oregon.gov to find free local Medicare counseling.

## Questions about the Marketplace? We can help with that.

- Learn about what plan might be **best and most affordable** for you.
- See if you can get **financial help** to pay for your plan.

Visit OregonHealthCare.gov to find free local help from an expert.

SHIBA
Senior Health Insurance Benefits Assistance
SHIBA.Oregon.gov
800-722-4134 (toll-free)

OREGON HEALTHCARE.GOV
855-268-3767 (toll-free)

# Frequently asked questions

**Q: If I have Medicare, do I need to do anything?**

**A:** No. If you have Medicare Part A (hospital insurance), you are covered and should not get a plan through the Marketplace. To find out more about your Medicare options, schedule a free counseling appointment with an Oregon SHIBA counselor.

**Q: Can I get a Marketplace plan in addition to Medicare?**

**A:** No. It is against the law for someone who knows that you have Medicare to sell you a health plan through the Marketplace or an insurance company. This is true even if you have only Part A or Part B. If you want coverage to supplement original Medicare, you may consider Medigap policies. You can also learn more about other Medicare options, such as Medicare Advantage plans, by calling SHIBA (800-722-4134) or visiting Medicare.gov.

**Q: Can I choose the Marketplace coverage instead of Medicare?**

**A:** Generally no. However, you may be able to get a plan through the Marketplace if you:

- Are paying a premium for Part A. You can drop your Part A and Part B coverage. Contact the Social Security Administration for information.
- Have fewer than five years of documented legal resident status to qualify for Medicare or Medicaid. Your household income determines if you qualify for financial help to pay for the plan through the Marketplace.

Before making a choice, there are two points to consider:

1. If you enroll in Medicare after your initial enrollment period ends, you may have to pay a late enrollment penalty for as long as you have Medicare.
2. Outside of the initial enrollment period, you can usually enroll in Medicare only during the Medicare general enrollment period (Jan. 1 to March 31). Your coverage begins the month afer you enroll.

**If you are currently on a Marketplace plan and you turn 65:**

- Three months before the month you turn 65, you should receive information about Medicare.
- You are no longer eligible for financial assistance when you become eligible for premium-free Part A.

**If you are currently on a Marketplace plan and you recently became eligible for premium-free Part A:**

You are no longer eligible for financial help through the Marketplace, so you must actively cancel your Marketplace coverage. Part A may be retroactively started to the month you turn 65 or the month in which you became eligible for premium-free Part A. This may affect the financial help you received through the Marketplace.

# Take action now

**Q: When do I cancel my Marketplace coverage?**

**A:** You must contact the Marketplace to cancel your coverage.

- If you are enrolled in a plan **with your spouse or other family members,** you must call the first day that your Medicare begins to remove you from the plan.
- If you are enrolled in a plan **by yourself**, you can cancel at any time during the month before your Medicare begins.

**Q: How do I cancel my Marketplace coverage?**

**A:** You need to "report a life change." The change in this case you are reporting getting other coverage. You can do this by calling HealthCare.gov at 800-318-2596 (toll-free).

Requesting the change and cancelling over the phone usually is the best option, but you can also do it online.

To cancel online:

1. Go to HealthCare.gov. Choose "cancel a plan" under the "topics" menu on the home page or enter "cancel a plan" in the search box.
2. Pay attention to the special instructions for people who have become eligible for Medicare.
3. The instructions will tell you to log in to your HealthCare.gov account.

**Q: This is confusing. Can I get help?**

**A:** If you want assistance with your Marketplace coverage, you can find free in-person help from a local agent by visiting OregonHealthCare.gov and clicking Get Help.

Free, local Medicare counseling is available through the SHIBA program. You can reach your local SHIBA office by calling 800-722-4134 (toll-free) and entering your ZIP code.

## DON'T MISS THESE IMPORTANT DATES

**NOV. 1 – DEC. 15**
Marketplace open enrollment when you can sign up, renew, or change plans.

**OCT. 15 – DEC. 7**
Medicare annual enrollment period

**INITIAL ENROLLMENT PERIOD**
Starts three months before your 65th birthday and ends three months after their 65th birthday



# အိုရီဂွန် ပြည်နယ်မှ ပံ့ပိုးကူညီပေးပါသည်။

အိုရီဂွန်ပြည်နယ်သည် အိုရီဂွန်ပြည်နယ်တွင် နေထိုင်သူများ ကျန်းမာရေးအာမခံ ရရှိရန် **HealthCare.gov** နှင့် ပူးပေါင်း၍ ကူညီပေးလျက်ရှိပါသည်။

## သင့်အာမခံနှင့် ပတ်သက်၍ ပြဿနာ တစ်စုံတစ်ရာ ရှိပါသလား။

အာမခံအတွက် စာရင်းသွင်းပြီးနောက် ပြဿနာများ ရှိပါက အိုရီဂွန်ပြည်နယ် ဘဏ္ဍာရေးထိန်းသိမ်းမှု ဌာနခွဲကို ဆက်သွယ်ပါ။

**လေ့လာရန်** bit.ly/DFRcomplaint
**ခေါ်ဆိုရန်** 888-877-4894 (ဖုန်းခေါ်ဆိုခ အခမဲ့)
**အီးမေးလ်** DFR.InsuranceHelp@dcbs.oregon.gov

## အခြား ဘာသာစကား သို့မဟုတ် ပုံစံများအတွက်

ဤသတင်းအချက်အလက်များကို Español, Русский, Tiếng Việt, 汉语, 漢語, စာလုံးကြီး သို့မဟုတ် အခြားပုံစံဖြင့် တောင်းဆိုရန် **855-268-3767** (ဖုန်းခေါ်ဆိုခ အခမဲ့) သို့ တနင်္လာနေ့မှ သောကြာနေ့အထိ မနက်ရနာရီမှ ညနေ၅နာရီအတွင်း ခေါ်ဆိုနိုင်ပါသည်။

440-5156 (09/22)

# Medicare နှင့် Marketplace– သင်သိထားသင့်သည်များ



Marketplace မှ Medicare သို့ မည်သည့်အချိန်တွင် ကူးပြောင်းရမည်နှင့် မည်သို့ရွှေ့ပြောင်းရမည်ကို ပိုမိုရှင်းလင်းစေရန်

**Visit OregonHealthCare.gov**

# Medicareနှင့် Marketplace အတွက် အခမဲ့ရရှိနိုင်သည့် ဒေသတွင်း**အကူအညီ**

## Medicare နှင့် ပတ်သက်ပြီး မေးခွန်းများ ရှိပါသလား။

အိုရီဂွန် SHIBA သည် အောက်ပါတို့အားဖြင့် ကူညီပေးနိုင်သည်–

- **သင့်အတွက် ရရှိနိုင်သည့် ကျန်းမာရေးနှင့် ဆေးညွှန်းအစီအစဉ်များ** အပါအဝင် Medicareနှင့် ပတ်သက်သည့် အချက်အလက်များ ထောက်ပံ့ခြင်း
- Medicareနှင့် ပတ်သက်သည့် **အသနားခံချက်များနှင့် တိုင်ကြားချက်များ**ကို ကူညီပေးခြင်း
- Medicareနှင့် ပတ်သက်ပြီး လိမ်ညာမှုများနှင့် အလွဲသုံးစားပြုမှုများကို **မည်သို့ကာကွယ်ပြီး တိုင်ကြားရမည်ကို** အသိပညာပေးခြင်း

ဒေသတွင်း အခမဲ့ရရှိနိုင်သည့် Medicareနှင့် ပတ်သက်ပြီး သိရှိရန် SHIBA.Oregon.gov တွင် ဝင်ရောက်ကြည့်ရှုပါ။

SHIBA
Senior Health Insurance Benefits Assistance

SHIBA.Oregon.gov
800-722-4134 (ဖုန်းခေါ်ဆိုခ အခမဲ့)

## Marketplaceနှင့် ပတ်သက်ပြီး မေးခွန်းများ ရှိပါသလား။

ကျွန်ုပ်တို့က ၎င်းနှင့်ပတ်သက်၍ ကူညီပေးနိုင်ပါသည်။

- သင့်အတွက် မည်သည့်အစီအစဉ်က **အကောင်းဆုံးနှင့် အတတ်နိုင်ဆုံးဖြစ်မည်ကို** လေ့လာနိုင်ပါသည်။
- သင့်အစီအစဉ်အတွက် ပေးဆောင်ရန် **ငွေကြေးအကူအညီ** ရနိုင်သလားဆိုတာကို လေ့လာလိုက်ပါ။

ပညာရှင်ထံမှ အခမဲ့ ဒေသတွင်း အကူအညီများကို သိရှိရန် OregonHealthCare.gov တွင် ဝင်ရောက်ကြည့်ရှုပါ။

OREGON HEALTHCARE.GOV
855-268-3767 (toll-free)

# အမေးများသောမေးခွန်းများ

**မေးခွန်း– Medicare ရှိထားလျှင် တစ်ခုခုထပ်လုပ်ရန် လိုပါသလား။**

**အဖြေ–** မလိုပါ။ Medicare Part A (ဆေးရုံအာမခံ) ရှိထားလျှင် သင့်အတွက် အကာအကွယ်ဖြစ်ပြီးသား ဖြစ်တာကြောင့် Marketplaceကနေ အစီအစဉ်တစ်ခု ထပ်ယူရန် မလိုပါ။ သင့်ရဲ့ Medicare ရွေးချယ်စရာများနဲ့ ပတ်သက်ပြီး သိလိုသည်များ ရှိပါက အိုရီဂွန် SHIBA အကြံပေးသူနှင့် အခမဲ့ ဆွေးနွေးရန် ရက်ချိန်းယူနိုင်ပါသည်။

**မေးခွန်း– Medicareအပြင် Marketplace အစီအစဉ်ပါ ယူနိုင်ပါသလား။**

**အဖြေ–** မရပါ။ တစ်စုံတစ်ဦးသည် သင့်တွင် Medicare ရှိပြီးသားကို သိပါလျက်နှင့် Marketplace သို့မဟုတ် အာမခံကုမ္ပဏီမှ ကျန်းမာရေးအစီအစဉ်ကို ရောင်းချခြင်းသည် ဥပဒေနှင့် မကိုက်ညီပါ။ သင့်တွင် Part A သို့မဟုတ် Part B သာ ရှိနေလျှင်တောင်မှ ထို့အတူပင် ဖြစ်ပါသည်။ ရှိပြီးသား Medicareအတွက် အပိုဆောင်းမည့် အာမခံကို လိုချင်ပါက Medigap မူဝါဒများများကို စဉ်းစားသင့်ပါသည်။ အခြား Medicare ရွေးချယ်စရာများဖြစ်သည့် Medicare Advantage အစီအစဉ်များအတွက် ပိုမိုသိရှိလိုပါက SHIBA (800-722-4134) ကို ခေါ်ဆိုခြင်း သို့မဟုတ် Medicare.gov**တွင် လေ့လာနိုင်ပါသည်။**

**မေးခွန်း– Medicareအစား Marketplace အာမခံကို ရွေးချယ်လို့ ရပါသလား။**

**အဖြေ–** ယေဘုယျအားဖြင့် မရပါ။ သို့သော် အောက်ပါ အခြေအနေများတွင် Marketplaceမှတဆင့် အစီအစဉ်များ ရယူနိုင်ပါသည်–

- Part Aအတွက် ပရီမီယမ်ကြေး သွင်းနေလျှင် သင်သည် Part Aနှင့် Part B အာမခံများကို လက်လွှတ်နိုင်ပါသည်။ အချက်အလက်များအတွက် လူမှုဖူလုံရေး စီမံခန့်ခွဲရေးအဖွဲ့ကို ဆက်သွယ်ပါ။
- Medicare သို့မဟုတ် Medicaidအတွက် အရည်အချင်းပြည့်မီရန် စာရွက်စာတမ်းအရ တရားဝင် နေထိုင်မှု ၅နှစ်အောက် ဖြစ်နေခြင်း သင့်ရဲ့ အိမ်ထောင်စုဝင်ငွေသည် Marketplace မှတဆင့် အစီအစဉ်အတွက် ငွေပေးချေရန် ငွေကြေးအကူအညီ ရနိုင်၊ မရနိုင်ကို ဆုံးဖြတ်ပေးပါသည်။

ရွေးချယ်မှု မလုပ်ခင် စဉ်းစားရန် အချက် ၂ချက် ရှိပါသည်–

၁။ ကနဦးစာရင်းသွင်းကာလ ကုန်ဆုံးပြီးနောက် Medicareတွင် စာရင်းသွင်းပါက သင့်တွင် Medicareရှိနေသရွေ့ နောက်ကျစာရင်းသွင်းခြင်းအတွက် ဒဏ်ငွေကို ပေးဆောင်ရနိုင်ပါသည်။

၂။ ကနဦးစာရင်းသွင်းကာလပြင်ပတွင် ဖြစ်ပါက Medicare ယေဘုယျစာရင်းသွင်းကာလ (ဇန်နဝါရီ ၁ မှ မတ် ၃၁)တွင်သာ Medicareအတွက် စာရင်းသွင်းနိုင်ပါသည်။ သင့်အာမခံသည် စာရင်းသွင်းပြီး နောက်လတွင် စတင်ပါသည်။

**လက်ရှိတွင် Marketplace အစီအစဉ်ကို ရရှိထားပြီး အသက်၆၅နှစ်ပြည့်သွားပါက–**

- ၆၅နှစ်မပြည့်ခင် ၃လအလိုတွင် Medicare နှင့် ပတ်သက်သည့် အချက်အလက်များကို ရယူသင့်ပါသည်။
- သင်သည် ပရီမီယမ်-အခမဲ့ Part A အတွက် အရည်အချင်းပြည့်မီလာသည့်အခါ ငွေကြေးအကူအညီရယူရန် အရည်အချင်း မပြည့်မီတော့ပါ။

**သင်သည် လက်ရှိအချိန်တွင် Marketplace အစီအစဉ်ကို ရယူထားပြီး မကြာသေးမီကမှ ပရီမီယမ်-အခမဲ့ Part A အတွက် အရည်အချင်းပြည့်မီလာပါက–**

သင်သည် Marketplace မှ ငွေကြေးအကူအညီ ရယူရန် အရည်အချင်း မပြည့်မီတော့ပါ။ ထို့ကြောင့် သင်၏ Marketplace အာမခံကို ကိုယ်တိုင် ပယ်ဖျက်ရပါမည်။ Part A သည် သင် အသက်၆၅ပြည့်သည့်လ သို့မဟုတ် ပရီမီယမ်-အခမဲ့ Part A အတွက် အရည်အချင်းပြည့်မီသည့်လမှ စတင်ပြီး နောက်ပြန်အကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။ ၄င်းသည် သင် Marketplaceမှ ရယူသည့် ငွေကြေးအကူအညီအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။

# အခုပဲ စလုပ်လိုက်ပါ။

**မေးခွန်း– ကျွန်ုပ်၏ Marketplace အာမခံကို မည်သည့်အချိန်တွင် ပယ်ဖျက်ရမည်နည်း။**

**အဖြေ–** သင်သည် အာမခံကို ပယ်ဖျက်ရန် Marketplaceကို ဆက်သွယ်ရပါမည်။

- သင်သည် **သင့်အိမ်ထောင်ဘက် သို့မဟုတ် အခြားမိသားစုဝင်နှင့်** အစီအစဉ်ကို စာရင်းသွင်းထားပါက Medicare သင့်အား အစီအစဉ်မှ စတင်ထုတ်ပယ်သည့် ပထမနေ့တွင် ခေါ်ဆိုရမည်ဖြစ်သည်။
- **သင်ကိုယ်တိုင်အတွက်** အစီအစဉ်တွင် စာရင်းသွင်းထားပါက သင်၏ Medicare မစတင်မီ လအတွင်း အချိန်မရွေး ပယ်ဖျက်နိုင်ပါသည်။

**မေးခွန်း– ကျွန်ုပ်၏ Marketplace အာမခံကို မည်သို့ ပယ်ဖျက်ရမည်နည်း။**

**အဖြေ–** "အစီအစဉ်ပြောင်းလဲကြောင်း အကြောင်းကြားချက်" ပြုလုပ်ရန် လိုအပ်ပါသည်။ ဤနေရာတွင် ပြောင်းလဲခြင်းသည် တခြားအာမခံကို ရယူလိုကြောင်း အကြောင်းကြားခြင်း ဖြစ်ပါသည်။ ၄င်းကို HealthCare.govရှိ 800-318-2596 (ဖုန်းခေါ်ဆိုခ အခမဲ့)မှ ခေါ်ဆိုပြီး ပြုလုပ်နိုင်ပါသည်။

ဖုန်းမှတဆင့် ထိုအပြောင်းအလဲကို တောင်းဆိုပြီး အစီအစဉ်ကို ပယ်ဖျက်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။ သို့သော် အွန်လိုင်းမှတစ်ဆင့်လည်း ပြုလုပ်နိုင်ပါသည်။

အွန်လိုင်းမှတဆင့် ပယ်ဖျက်ရန်–

၁။ HealthCare.govသို့ သွားပါ။ ပင်မစာမျက်နှာရှိ ¡¡ãခေါင်းစဉ်များ¡¡À အောက်မှ ¡¡ãအစီအစဉ်ကို ပယ်ဖျက်မည်¡¡Àကို ရွေးချယ်ပါ သို့မဟုတ် ရှာဖွေရန် နေရာမှ ¡¡ãအစီအစဉ်ကို ပယ်ဖျက်မည်¡¡Àကို ရိုက်ထည့်ပါ။

၂။ Medicareအတွက် အရည်အချင်းပြည့်မီသူများသည် အထူးညွှန်ကြားချက်များကို သေချာဖတ်ရှုပါ။

၃။ ထိုညွှန်ကြားချက်များသည် သင့်အား HealthCare.govတွင် မည်သို့အကောင့်ဝင်ရမည်ကို ညွှန်ပြပါလိမ့်မည်။

**မေးခွန်း– ၄င်းသည် ရှုပ်ထွေးပါသည်။ ကျွန်ုပ်အတွက် အကူအညီရနိုင်ပါသလား။**

**အဖြေ–** Marketplace အာမခံအတွက် အကူအညီရယူလိုပါက OregonHealthCare.govတွင် အကူအညီရယူရန်ကို နှိပ်ပြီး ဒေသတွင်းကိုယ်စားလှယ်များမှတဆင့် လူကိုယ်တိုင် အကူအညီကို အခမဲ့ရယူနိုင်ပါသည်။

ဒေသတွင်း အခမဲ့ Medicare ဆွေးနွေးခြင်းကို SHIBAပရိုဂရမ်မှတဆင့် ရယူနိုင်ပါသည်။ သင်၏ ဒေသတွင်း SHIBAရုံးခန်းကို 800-722-4134 (ဖုန်းခေါ်ဆိုခ အခမဲ့) သို့ ခေါ်ဆိုပြီး ZIP ကုဒ်ကို ရိုက်ထည့်ကာ ဆက်သွယ်နိုင်ပါသည်။

## ဤအရေးကြီးသည့် ရက်များကို မမေ့ပါနှင့်။

### နိုဝင်ဘာ ၁– ဒီဇင်ဘာ ၁၅

Marketplace သည် စာရင်းသွင်းရန်၊ သက်တမ်းတိုးရန်၊ အစီအစဉ်များကို ပြောင်းလဲရန် ဖွင့်လှစ်ထားပါသည်။

### အောက်တိုဘာ ၁၅– ဒီဇင်ဘာ ၇

Medicareအတွက် နှစ်စဉ်စာရင်းသွင်းကာလ

### ကနဦး စာရင်းသွင်းကာလ

သင်၏ ၆၅နှစ်ပြည့် မွေးနေ့မတိုင်မီ သုံးလအလိုတွင် စတင်၍ မွေးနေ့နောက်ပိုင်း သုံးလအကြာတွင် အဆုံးသတ်ပါသည်။

